# မာတိကာ


မိတ်ဆက်

၁။ ဗုဒ္ဓဝါဒနှင့် သတ္တလောက ၁၃
၂။ ၃၁ ဘုံနှင့် ဗုဒ္ဓဝါဒ ၁၉
၃။ ရုပ်၊ နာမ် သဘာဝနှင့် ဗုဒ္ဓအယူအဆ ၂၉
၄။ ဒိဋ္ဌိနှင့် အယူဝါဒ ပြဿနာများ ၅၁
၅။ ပဋိစ္စသမုပ္ပါဒ် ၆၇
၆။ ထေရဝါဒနှင့် သံသရာ ၈၁
၇။ ရုပ်သဘာဝ ၉၇
၈။ နိဗ္ဗာန် ၁၂၁
(က) နိဗ္ဗာန်လေ့လာချက် ၁၂၂
(ခ) သမထကျင့်စဉ်များ ၁၃၃
(ဂ) ဝိပဿနာကျင့်စဉ်များ ၁၃၉
(ဃ) ပွားများခြင်း၊ နိဗ္ဗာန်ကိုမြင်ခြင်း ၁၄၉
(င) ရဟန္တာ ၁၇၀
၉။ မဟာယာနနိဗ္ဗာန် ၁၇၇
ကျမ်းကိုးများ ၁၉၆


ဤစာအုပ်၌ ဗုဒ္ဓ၏ သတ္တလောကအပေါ် သုံးသပ်ချက်ကို
အဓိက ဦးတည်ဖော်ပြထားသည်။
ယင်းသို့ဖော်ပြရာ၌ အကြောင်းအရာအားဖြင့် မူလရှိပြီးဝါဒများ၊ လူသားဝါဒများ၊
သံသရာနှင့် ၃၁ ဘုံ၊ ဗြာဟ္မဏများက သတ္တဝါသည်
သေပြီးနောက် ဖြစ်သေးသလား၊ မဖြစ်တော့ဘူးလားအမေးကို
ဗုဒ္ဓ ဘာကြောင့်မဖြေခဲ့သည် စသည်များနှင့် သံသရာဆိုသည်မှာ အဘယ်နည်း၊
သံသရာမှ ထွက်မြောက်ရာနည်းလမ်းမှာ အဘယ်နည်း၊
နိဗ္ဗာန်၊ သမထ စသည်တို့ကိုပါ ထေရဝါဒပိဋကတ်နှင့် ထေရဝါဒအဋ္ဌကထာ၊
ဋီကာကျမ်းတို့ကို လေ့လာသုံးသပ်၍ တင်ပြထားပါသည်။

ဗုဒ္ဓက "သတ္တဝါသည် သေပြီးနောက် ဖြစ်သေးသလား၊ မဖြစ်တော့ဘူးလား"
ဟူသော တိတ္ထိဂိုဏ်းသားနှင့်တကွ ပညာရှင်များ၏အမေးကို
မည်သည့်အခါမှ ဖြေဆိုခြင်း မပြုခဲ့ပါ။ ထို့ကြောင့် ဗုဒ္ဓသည် ယင်းကိစ္စ၌
မကျွမ်းကျင်ဟူ၍ ယူဆသူများ ဗုဒ္ဓခေတ်ကလည်း ရှိခဲ့ပါသည်။
နောင်ကာလ၌ ပညာရှိများက သံသယရှိခဲ့ကြပါသည်။
ဤစာအုပ်တစ်အုပ်လုံးကို ဖတ်ရှုပြီးလျှင် ဗုဒ္ဓက ယင်းကိစ္စကို ဘာကြောင့်
မဖြေခဲ့သနည်းဟူသောမေးခွန်းသည် ပြေလည်ကောင်းပြေလည်သွားပါလိမ့်မည်။

ဤစာအုပ်၌ အဓိကဖော်ပြချက်များမှာ ထေရဝါဒ ပိဋကတ်လာ
အဓိပ္ပာယ်များ ဖြစ်ပါသည်။ စာဖတ်သူများ ဗဟုသုတအလို့ငှာ
မဟာယာနပိဋကတ်လာ အယူအဆများကိုလည်း လက်လှမ်းမီသမျှ စုဆောင်း၍
နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။